# တရားမဝင် အမှိုက်ပစ်ခြင်း



တရားမဝင် ပစ်ထားသော အမှိုက်များသည် မျက်စိစပါးမွေးစူးစရာထက် ပိုပါသည်။ ယင်းကြောင့် **သန့်ရှင်းရေးလုပ်ရန်အတွက် ကုန်ကျစရိတ်မြင့်မားသည်၊ ဘဝအရည်အသွေးအပေါ် ဆိုးကျိုးဖြစ်စေသည်၊ ပြည်သူ့ကျန်းမာရေးအတွက် ခြိမ်းခြောက်မှုဖြစ်စေသည်၊** ထို့အတူ **အမှိုက်အပိုင်းအစများသည် ကျွန်ုပ်တို့၏ ရပ်ကွက်များနှင့် ရေလမ်းကြောင်းများထဲသို့ ဝင်ရောက်သွားနိုင်သည်။**

**တရားမဝင် အမှိုက်ပစ်ခြင်း ဆိုသည်မှာ အဘယ်နည်း။**

တရားမဝင် အမှိုက်ပစ်ခြင်းသည် စွန့်ပစ်ပစ္စည်းကို အများပြည်သူပိုင်ဆိုင်သည့်နေရာ သို့မဟုတ် အခြားသူတဦးဦး၏ အိမ်ရာမြေ သို့မဟုတ် အခြားသူတဦးဦး၏ အမှိုက်ပုံး၊ စသည့်နေရာများတွင် ခွင့်ပြုချက်မရှိပဲ စွန့်ပစ်ခြင်းဖြစ်ပါသည်။ ထိုသို့စွန့်ပစ်ရာတွင် အများပြည်သူအတွက် ပြန်လည်အသုံးပြုရန်ပစ္စည်း သွားချသည့်နေရာများတွင် ပြန်လည်အသုံးပြု၍မရသော ပစ္စည်းများကို ချန်ထားခဲ့ခြင်း ပါဝင်သည်။

**စွန့်ပစ်ရန်အတွက် စနစ်ကျသော ရွေးစရာနည်းလမ်းများ**

- **ကြီးလေးသောအမှိုက် ကောက်သိမ်းသည့်ရက်တွင် လမ်းဘေးပလက်ဖောင်း ဝန်ဆောင်မှု** ကို အသုံးပြုပါ။ ကြီးလေးသောအမှိုက် ကောက်သိမ်းသည့်ရက်ကို သိရှိလိုပါက indy.gov/activity/trash-pickup တွင်ကြည့်ရှုပါ။
- ပိုလျှံနေသော အမှိုက်များ၊ အရွယ်အစားကြီးသော ပစ္စည်းများ၊ နှင့် ခြံအမှိုက်များကို **အများပြည်သူအမှိုက်ပို့ဆောင်သည့်နေရာ Citizens' Transfer Center** သို့ ယူဆောင်သွားပါ။ အခကြေးငွေသည် ကားတစီးတိုက်စာအတွက် $2 ဖြစ်ပြီး SUV သို့မဟုတ် pickup ကားများအတွက် $5 ဖြစ်ပါသည်၊ ငွေသား(cash) ကိုသာလက်ခံသည်။ စနေနေ့များတွင် 8 a.m. မှ 4 p.m. နာရီအထိဖွင့်ထားပြီး 2324 S. Belmont Ave နေရာတွင်ဖြစ်ပါသည်။

**မိမိအနေနှင့် မည်သို့ကူညီနိုင်သနည်း။**

- တဦးတယောက်ကို အမှိုက်များစွန့်ပစ်ရန် ငှားရမ်းမည်ဆိုပါက ၎င်းတို့၏ **အမှိုက်ပစ်လိုင်စင် (Waste Hauler License)** ကို တောင်းကြည့်ပြီး **အမှိုက်စွန့်ပစ်သော လက်ခံစာရွက် မရှိလျှင် ငွေပေးခြေမှုမလုပ်ပါနှင့်**။ Truck ကားတစီးစာရှိသော ပစ္စည်းများကို စနစ်တကျစွန့်ပစ်ရန်အတွက် အနည်းဆုံး ကုန်ကျစရိတ် $60 ရှိသည်။ *သင့်ကို ထိုထက်နည်းသော ကျသင့်ငွေတောင်းခံပါက သံသယဖြစ်ဖွယ်ရှိသည်။*
- ကြီးလေးသောအမှိုက် ကောက်သိမ်းသည့်ရက်တွင် ကြီးမားသော ပစ္စည်းများကိုသာ ချထားပါ။ တိုက်ခန်းတွဲများ၊ ကွန်ဒိုအိမ်ခန်းများ၊ သို့မဟုတ် HOAs အဖွဲ့များ အနေနှင့် နေရာတိကျသော လမ်းညွှန်ချက်ကို သိရှိထားရန်အတွက် ၎င်းတို့၏ အိမ်ရာမြေမန်နေဂျာကို ဆက်သွယ်သင့်သည်။
- **သင်၏ အိမ်ရာမြေကို ကြည့်ရှုစစ်ဆေးပါ**၊ တရားမဝင် စွန့်ပစ်ထားသော ပစ္စည်းများရှိနေပါက ထပ်ဆောင်း အမှိုက်ပစ်ခြင်းကို ဆွဲဆောင်ရာကျပါသည်။
- သင်၏ အိမ်ရာမြေတွင် တရားမဝင် အမှိုက်ပစ်သည့် ပြဿနာတခုခုရှိနေပါက **လုံခြုံရေးကင်မရာများကို တပ်ဆင်ထားပါ။**
- မြို့နယ်စုအဆောက်အဦး (City-County Building)၊ 200 E. Washington Street တွင် တည်ရှိသည့် **အမှိုက်မပစ်ရ ဆိုသည့် "No Dumping" ဆိုင်းဘုတ်**ကို ရပ်ကွက်ဝန်ဆောင်မှုများ၏ ဦးစီးဌာန (Department of Neighborhood Services) ၏ရုံးခန်းတွင် သွားယူပါ၊ သို့မဟုတ် 317-327-2281 ထံဖုန်းဆက်ခြင်း သို့မဟုတ် trash@indy.gov ထံအီးမေးလ်ပို့ခြင်းဖြင့် သွားယူမည့်ရက်ချိန်းကို စီစဉ်ပါ။
- အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်း နှင့် အီလက်ထရွန်နစ်ပစ္စည်းများကို လစဉ်တလစီအတွက် စနေနေ့သုံးနေ့ခွဲ၍ တနေ့တနေရာစီ အလှည့်ကျ စီစဉ်ထားသော မြို့တော်၏ ToxDrop ဝန်ဆောင်မှုနေရာများတွင် သွားရောက်စွန့်ပစ်ပါ။ ပိုမိုသိရှိလိုပါက indy.gov/activity/hazardous-waste-dropoff-sites တွင်ကြည့်ရှုပါ။
- အီလက်ထရွန်နစ်ပစ္စည်းများကို ပြန်လည်အသုံးပြုရန်အတွက် RecycleForce အဖွဲ့ထံ 816 N. Sherman Drive နေရာတွင် သွားပို့ပါ။ အခကြေးများ ရှိနိုင်သည်။

## သင်၏ဓာတ်ပုံများကို မျှဝေပါ၊

တရားမဝင် အမှိုက်ပစ်သူများသည် အုပ်ချုပ်ရေးဆိုင်ရာ ရုံးတင်စစ်ဆေးမှု ခံရနိုင်ပြီး ဒဏ်ကြေးနှင့်အခကြေးပေါင်း $2,500 အထိ အရေးယူမှုကို ခံရနိုင်သည်။

**သင့်တွင် တဦးတယောက်က တရားမဝင် အမှိုက်ပစ်နေသည့် ဓာတ်ပုံများ သို့မဟုတ် ဗီဒီယို ရှိပါက RequestIndy မှတဆင့် တင်သွင်းပါ။** ထိုကဲ့သို့လုပ်ဆောင်ရာတွင် အမည်မဖော်လိုသူအဖြစ် လုပ်ဆောင်နိုင်သည်။

Request.indy.gov/citizen/home တွင်ကြည့်ရှုပါ သို့မဟုတ် RequestIndy မိုဘိုင်းအက်ပ်ကို ဒေါင်းလုဒ်ယူပါ။





**indy.gov/activity/illegal-dumping**